+ ၂၀၀၂
ဇန်နဝါရီလ
၂၈ ရက်

# တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေး၏ရှေ့တွင်

ဦးလှမြင့်
နှင့်
ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန ပါ-၂*

ကြားလူကစွဲဆိုသောအမှု၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ဂျပန်နိုင်ငံကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံမှ ၎င်း၏ ကိုယ်စားလှယ်မှတစ်ဆင့် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနသို့ မီးသတ်ဘူးများတင်သွင်းရောင်းချခဲ့သည်။ မီးသတ်ဦးစီးဌာနက ဝယ်ယူသည့်ပစ္စည်းတန်ဖိုး ၅၁၂ သိန်းကျော်ကို ဂျပန်ကုမ္ပဏီ၏ ကိုယ်စားလှယ်သို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ ကျန်ငွေ ၆၅ သိန်းကျော် ပေးချေရန် အသင့်ရှိ နေစဉ် ဂျပန်ကုမ္ပဏီက မြန်မာနိုင်ငံရှိ ၎င်း၏မူလကိုယ်စားလှယ်ကိုရုပ်စဲပြီး ကိုယ်စားလှယ်အသစ် ခန့်ထားသည်။ ကိုယ်စားလှယ် အသစ်က မီးသတ်ဦးစီးဌာနသို့ ကျန်ငွေများပေးချေရန် တောင်းခံသည်။ မီးသတ်ဦးစီးဌာနက ကျန်ငွေကို မည်သူသို့ ပေးဆပ်ရမည်ကို ဆုံးဖြတ်ပေးရန် ကြားလူအနေဖြင့် တရားစွဲဆိုသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၁ ပါပြဋ္ဌာန်းချက်အရ မည်သူသည် မီးသတ်ဦးစီးဌာနက ပေးဆပ်သည့်ကျန်ငွေကိုလက်ခံထိုက်သနည်း၊ မည်သည့်အခါ ကိုယ်စားလှယ်အားလွှဲအပ်ထားသည့် အခွင့်အာဏာကို ရုပ်သိမ်းခွင့်မရသလဲ။

ဆုံးဖြတ်ချက်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၂၂၁။ ဆန့်ကျင်ကွဲလွဲသော မည်သည့် ပဋိညာဉ်မျှမရှိခဲ့လျှင် ကိုယ်စားလှယ်သည် မိမိအား ပေးရန်ရှိ

---

+ ၂၀၀၁ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၁၇

* ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၅၁ တွင် ချမှတ်သော ၂၇-၇-၂၀၀၁ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

သည့်ကော်မရှင်ကို မပေးချေသေးသမျှဖြစ်စေ၊ မိမိအား စာရင်းမရှင်းသမျှဖြစ်စေ၊ မိမိရရှိသည့် ကိုယ်စားလှယ်လွှဲသူ၏ ကုန်ပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အခြားပစ္စည်းများကို ဆက်လက် ထားရှိ ပိုင်ခွင့်ရှိသည်။ ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ မိမိစိုက်ထုတ်ပေးရသော ငွေများနှင့် ဝန်ဆောင်မှုများ အတွက်လည်း အလားတူ ဆက်လက်ထားရှိပိုင်ခွင့်ရှိသည်။


ဦးလှမြင့် နှင့် ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန ပါ ၂

ကုမ္ပဏီဥက္ကဋ္ဌနှင့်ဦးလှမြင့်တို့ သဘောတူညီချက်အရ ဦးလှမြင့် အနေဖြင့် ကော်မရှင်ခများ၊ မိမိစိုက်ထုတ်ကုန်ကျရသောစရိတ်စကများ၊ ဝန်ဆောင်မှုများအတွက် စာရင်းရှင်းလင်းခြင်းမရှိသေးသည့်အတွက် အထက်ဖော်ပြပါ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၁ ပြဋ္ဌာန်းချက်နှင့်အညီ ဦးလှမြင့်သည် မီးသတ်ဦးစီးဌာနမှ အချင်းဖြစ်ငွေကို လက်ခံထိုက်သည်မှာ ပေါ်လွင်ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** တဖန် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၂၀၄။ လွှဲအပ်ထားသော အခွင့်အာဏာအရ ကိုယ်စားလှယ်က အချို့အဝက်ကို ဆောင်ရွက်ပြီး သည့်နောက် ထိုဆောင်ရွက်မှုမှ ဖြစ်ထွန်းလာသည့် ကိစ္စနှင့် တာဝန်များနှင့်စပ်လျဉ်း၍ အကြီး အကဲသည် ကိုယ်စားလှယ်အား ပေးအပ်သည့် အခွင့်အာဏာကို ရုပ်သိမ်းခွင့်မရှိ။

ကုမ္ပဏီဥက္ကဋ္ဌက ဦးလှမြင့်အား လွှဲအပ်ထားသော အခွင့်အာဏာအရ မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများကို မီးသတ်ဦးစီးဌာနသို့ ရောင်းချရန် အပ်နှံပြီးနောက် နှစ်ဦးသဘောတူညီချက်ကို ဆန့်ကျင်ပြီး လုပ်ငန်းဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့်ငွေကို လက်ခံရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွင့်အာဏာကို ရုပ်သိမ်းခွင့်မရှိချေ။

၂၀၀၂
ဦးလှမြင့်
နှင့်
ညွှန်ကြားရေး
မှူးချုပ်၊
မီးသတ်ဦးစီး
ဌာန ပါ ၂

အယူခံတရားလိုအတွက် - ဦးအောင်သစ်၊
တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - (၁) ဦးအုန်းကျော်
တရားရုံးချုပ်ရှေ့နေ
(၂) ဦးတင်ထွန်း
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ်တရားမကြီးမှုအမှတ် ၁၅၁ တွင် မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဦးမြင့်ထွန်းနှင့် ဦးလှမြင့်တို့အပေါ် ငွေကျပ် ၆၅၆၃၈၃၆/-ကို မည်သူအား ပေးထိုက်ကြောင်း အဆုံးအဖြတ်ပေးရန် လျှောက်ထားမှု ( INTERPLNAPER SUIT ) စွဲဆိုရာ တိုင်းတရားရုံးက ယင်းငွေကို ဦးမြင့်ထွန်းအား ပေးစေရန် အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးလှမြင့်က မကျေနပ်၍ တရားရုံးချုပ်တွင်ဤတရားမ ပထမအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတရားလိုအမှတ် (၁) တရားပြိုင်ဦးမြင့်ထွန်းသည် 3 C Car Complex Japan Co.Ltd. ၏ မြန်မာနိုင်ငံဆိုင်ရာစီးပွားရေး ကိုယ်စားလှယ်ဖြစ်ပြီး ၎င်းအား ၇-၉-၉၉ ရက်တွင် ခန့်ထားကြောင်း၊ အမှတ်(၂) တရားပြိုင် ဦးလှမြင့်ကိုလည်း ယင်းကုမ္ပဏီက မြန်မာနိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိုယ်စားလှယ်အဖြစ် ၉-၁၀-၉၆ ရက်နေ့တွင် ခန့်ထားခဲ့ကြောင်း၊ ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ Mr. Muneharu Sumikawa ကိုယ်တိုင် အမှတ် (၂) တရားပြိုင်အား စီးပွားရေးကိုယ်စားလှယ်အဖြစ်မှ ရပ်စဲကြောင်း ၆-၉-၉၉ ရက်စွဲပါစာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားပြီး သက်ဆိုင်ရာများသို့ မိတ္တူပေးပို့ခဲ့ကြောင်း၊ အမှတ် (၂) တရားပြိုင်အား စီးပွားရေးကိုယ်စားလှယ်အဖြစ် ခန့်ထားချိန်တွင် ၎င်းပိုင် ခန့်ချယ်ရီထရေးဒင်းကုမ္ပဏီလီမိတက်မှ မီးသတ်ဆေးဘူးများကို အပ်ကုန်စနစ်ဖြင့် မီးသတ်ဦးစီးဌာနသို့ ၂၂-၇-၉၇ ရက်နေ့မှ ၂-၉-၉၉ ရက်နေ့အထိ ရောင်းချခဲ့ကြောင်း၊ မီးသတ်ဆေးဘူးများအတွက် မီးသတ်ဦးစီးဌာနက ပေးချေရန် စုစုပေါင်းသင့်ငွေမှာ ငွေကျပ် ၅၈၂၇၀၂၃၆ /- ရှိရာ ငွေကျပ် ၅၁၂၁၆၉၀၀/- ကို ပေးချေပြီးဖြစ်၍ ပေးချေရန်ငွေကျပ် ၇၀၅၃၃၃၆/-

ကျန်ရှိကြောင်း၊ မီးသတ်ဦးစီးဌာနသည် ကုမ္ပဏီနှင့်သဘောတူညီချက်အရ အလျော့တွက်အတွက် ၂.၅% ရရှိသဖြင့် ယင်းအလျော့တွက်ငွေကျပ် ၄၈၉၅၀၀/- ချန်၍ပေးချေပါက မီးသတ်ဦးစီးဌာနအနေဖြင့် ငွေကျပ် ၆၅၆၃၈၃၆/- သာ ပေးချေရန်ရှိကြောင်း၊ အမှတ် (၁) တရားပြိုင် ဦးမြင့်ထွန်းက Mr. Muneharu Sumikawa ကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ကျန်ငွေများပေးချေရန် တောင်းခံလာရာ အမှတ် (၂) တရားပြိုင် ဦးလှမြင့်က ငွေများပေးချေခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် ကန့်ကွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ မီးသတ်ဦးစီးဌာနသည် ဂျပန်ကုမ္ပဏီသို့ ပေးရန်ရှိသည့်ငွေများကို မည်သည့်တရားပြိုင်က တရားဝင်လက်ခံထိုက်ကြောင်း အဆုံးအဖြတ်ရရန် လိုအပ်နေကြောင်း၊ ထို့ကြောင့် အမှတ် (၁) (၂) တရားပြိုင်များထံ အချင်းချင်း ညှိနှိုင်းဖြေရှင်းကြရန်နှင့် ပြေလည်မှု မရလျှင် ဥပဒေနှင့်အညီ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာနက ၈-၄-၂၀၀၀ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ကြောင်း၊ တရားပြိုင် အချင်းချင်း ပြေလည်မှုမရရှိတော့၍ မီးသတ်ဦးစီးဌာနက ငွေပေးချေရန် အတွက် ကြားလူအနေဖြင့် တရားစွဲဆိုကြောင်း စသည်ဖြင့် အဆိုပြုသည်။

အမှတ် (၁) တရားပြိုင် ဦးမြင့်ထွန်းက 3 C Car Complex Japan Co.Ltd. ၏ စီးပွားရေးကိုယ်စားလှယ် ဦးလှမြင့်သည် မီးသတ်ဦးစီးဌာနမှ ပေးချေသည့် မီးသတ်ဆေးဘူးတန်ဖိုးငွေများကို ကုမ္ပဏီသို့ ဆက်လက်ပေးချေခြင်းမပြုဘဲ မမှန်မကန်ဆောင်ရွက်လာသည့်အတွက် Mr. Muneharu Sumikawa ကိုယ်တိုင် ဦးလှမြင့်အား စီးပွားရေး ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခဲ့ကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနမှ ထုတ်ပြန်သောစည်းကမ်းချက်များအရ အပ်ကုန်စနစ်ဖြင့် မြန်မာနိုင်ငံတွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်းကို စီးပွားရေး အကျိုးဆောင်အဖြစ် မှတ်ပုံတင်ပြီးသူများသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ အပ်ကုန်စနစ်ဖြင့် လက်ခံရောင်းချမည့်စီးပွားရေးအကျိုးဆောင်သည် ပြည်ပမှ ကုန်ပစ္စည်းများကို တင်သွင်းနိုင်ရန်အတွက် သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ဦးလှမြင့်က ကုမ္ပဏီ၏စီးပွားရေးအကျိုးဆောင်အဖြစ် မှတ်ပုံတင်ပြီး ခန့်ချယ်ရီ ထရေးဒင်းကုမ္ပဏီ၏ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်၍ မီးသတ်ဆေးဘူးများကို အပ်ကုန်စနစ်ဖြင့် မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ခြင်း

ဖြစ်ကြောင်း၊ မီးသတ်ဆေးဘူးများ ရောင်းချသူသည် ခန့်ချယ်ရီထရေးဒင်း ကုမ္ပဏီမဟုတ်ဘဲ 3 C Car Complex Japan Co.Ltd. သာဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာန၏ စာရင်းရှင်းတမ်းအရ ကုမ္ပဏီသို့ပေးချေရန်ကျန်ငွေ ၆၅၆၃၈၃၆/- ဖြစ်သည်မှာ မှန်ကြောင်း၊ မိမိအား ကုမ္ပဏီက စီးပွားရေး ကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်ပြီး စီးပွားရေးအကျိုးဆောင်အဖြစ် မှတ်ပုံတင်ပြီးဖြစ်ကြောင်း၊ ထို့ပြင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်အဖြစ် လည်း မှတ်ပုံတင်ပြီးဖြစ်၍ ကုမ္ပဏီဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ မီးသတ် ဆေးဘူးဖိုးကျန်ငွေများကို မီးသတ်ဦးစီးဌာနသို့ တရားဝင်တောင်းဆိုခြင်း ဖြစ်ကြောင်း၊ ဦးလှမြင့်သည် ကုမ္ပဏီ၏စီးပွားရေးကိုယ်စားလှယ်အဖြစ် ရပ်စဲခဲ့ပြီးဖြစ်သည့်အပြင် ၎င်း၏စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် လက်မှတ်မှာလည်း ၁၆-၁၀-၉၉ ရက်နေ့ကပင် သက်တမ်းကုန်ဆုံးပြီး ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းသည် ကုမ္ပဏီနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမျှ ပါဝင်စွက်ဖက်နိုင်ခွင့်မရှိတော့ကြောင်း၊ မီးသတ်ဆေးဘူး တန်ဖိုးကျန်ငွေများကို ထိုကုမ္ပဏီ၏လက်ရှိတရားဝင်ကိုယ်စားလှယ် ဦးမြင့်ထွန်းအား ပေးအပ်စေလိုကြောင်း စသည်ဖြင့် ချေပသည်။

အမှတ် (၂) တရားပြိုင် ဦးလှမြင့်က ၎င်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် အဖြစ် မှတ်ပုံတင်ထားသူဖြစ်ပြီး မီးသတ်ဆေးဘူးများနှင့် ဆက်စပ်ပစ္စည်း များကို တင်သွင်းရန် သက်ဆိုင်ရာဌာနက ခန့်ချယ်ရီထရေးဒင်းကုမ္ပဏီ အား သွင်းကုန်လိုင်စင် ထုတ်ပေးထားကြောင်း၊ 3 C Car Complex Japan Co.Ltd. က မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများကို ခန့်ချယ်ရီ ထရေးဒင်းကုမ္ပဏီအမည်ဖြင့် မြန်မာနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း၊ Mr. Muneharu Sumikawa က ၎င်းအား စီးပွားရေးကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းသည် ဥပဒေအရ အကျိုးသက်ရောက်မှုမရှိကြောင်း၊ မီးသတ် ဦးစီးဌာနနှင့် ချုပ်ဆိုထားသော စာချုပ်အရ လုပ်ငန်းကို အပြီးသတ်စာရင်း မရှင်းမချင်း မီးသတ်ဦးစီးဌာနက ပေးရန်ရှိသောငွေများကို မိမိကသာ ရထိုက်ခွင့်ရှိကြောင်း၊ ၎င်းသည် ကုမ္ပဏီထံမှ ၉-၁၀-၉၆ ရက်စွဲပါ ခန့်စာအရ လစာငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၀၀ ရရန် ရှိကြောင်း၊ ၁၂-၁၀-၉၆ ရက်စွဲပါ သဘောတူစာချုပ်အရလည်း ကော်မရှင်ခများ ရရန်ရှိသည့်ပြင် အကောက်အခွန် စရိတ်စကများကို လည်း အကုန်အကျခံထားရကြောင်း၊ Mr. Muneharu Sumikawaနှင့်

မိမိတို့နှစ်ဦး ချုပ်ဆိုထားသော သဘောတူညီချက်ကို စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ဖျက်သိမ်းခဲ့ခြင်းမရှိသေးကြောင်း၊ သို့ဖြစ်၍ မိမိအား စီးပွားရေးကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းသည် ဥပဒေနှင့် မညီကြောင်း၊ မီးသတ်ဦးစီးဌာနနှင့် မိမိတို့ချုပ်ဆိုသောစာချုပ်များအရ အပ်တုန်စနစ်ဖြင့် တရားလိုအားရောင်းချထားသော မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများအတွက် မီးသတ်ဦးစီးဌာနက ပေးရန်ရှိသော အချင်းဖြစ်ငွေကို မိမိသည် အပ်နှံမှုအနေဖြင့်လည်းကောင်း၊ တည်မြဲလျက် ရှိသောကိုယ်စားလှယ်အဖြစ်လည်းကောင်း ရထိုက်ခွင့်ရှိကြောင်း ချေပ သည်။

တိုင်းတရားရုံးက မီးသတ်ဦးစီးဌာနနှင့် သဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်သူသည် ကုမ္ပဏီဥက္ကဋ္ဌ Mr. Muneharu Sumikawa သာဖြစ်ပြီး ဦးလှမြင့်သည် ၎င်း၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူသာ ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာနသို့ ရောင်းချထားသော မီးသတ်ဆေးဘူး များနှင့်ဆက်စပ်ပစ္စည်းများအတွက် တန်ဖိုးငွေများကို မီးသတ်ဦးစီးဌာနက ကုမ္ပဏီသို့ပေးချေရာတွင် ဦးလှမြင့်သည် ကိုယ်စားလှယ်အဖြစ် တစ်ဆင့် လက်ခံ၍ ကုမ္ပဏီသို့ပေးရကြောင်း၊ ကိုယ်စားလှယ်လွှဲသူက မိမိ၏အခွင့် အာဏာကို ရုပ်သိမ်းသောအခါတွင် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၁ အရ ကိုယ်စားလှယ်လွှဲအပ်ခြင်းသည် ရပ်စဲကြောင်း၊ ဦးလှမြင့်က 3 C Car Complex Japan Co.Ltd. ကိုယ်စားဆောင်ရွက်နေခြင်းသည်၆-၉-၉၉ ရက်နေ့တွင် ရပ်စဲသွားကြောင်း၊ ၎င်းသည်ကုမ္ပဏီ၏စီးပွားရေးကို ကိုယ်စားလှယ်မဟုတ်တော့၍ အချင်းဖြစ်ငွေကို ၎င်းအားပေးချေရန် တာဝန်မရှိတော့ကြောင်း၊ ဦးလှမြင့်သည် စီးပွားရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရာ၌ လစာငွေ၊ ကော်မရှင်၊ အကောက်ခွန်၊ မီးသတ်ဆေးဘူးဖိုး ငွေများနှင့်စပ်လျဉ်း၍စာရင်းရှင်းလင်းရန်ရှိပါက ထိုကုမ္ပဏီနှင့် သီးခြား ရှင်းလင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏လက်ရှိစီးပွားရေး ကိုယ်စားလှယ်မှာ ဦးမြင့်ထွန်းသာဖြစ်ကြောင်း၊ အချင်းဖြစ်ငွေကို မီးသတ် ဦးစီးဌာန က ၎င်းအားပေးအပ်ရမည်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလိုရှေ့နေက 3 C Car Complex Japan Co.Ltd. ကုမ္ပဏီက အမှတ် (၂) အယူခံတရားပြိုင် ဦးမြင့်ထွန်းအား လုပ်ငန်း ကိုယ်စားလှယ်အဖြစ်ခန့်ထားရာ ၎င်းအား ကုမ္ပဏီရရန်ရှိသောငွေများ လက်ခံရယူရန် အခွင့်အာဏာသတ်မှတ်ထားခြင်းမရှိကြောင်း၊ ဦးလှမြင့်နှင့်

၂၀၀၂
ဦးလှမြင့်
နှင့်
ညွှန်ကြားရေး
မှူးချုပ်၊
မီးသတ်ဦးစီး
ဌာန ပါ ၂

လုပ်ငန်းလုပ်ကိုင်စဉ် ငွေရေးကြေးရေးကိစ္စကို သီးခြားသဘောတူစာချုပ်ချုပ်လုပ်ကိုင်ခဲ့၍ မီးသတ်ဦးစီးဌာနက မီးသတ်ဆေးဘူးဖိုးငွေအချို့ကို ဦးလှမြင့်အားပေးချေခဲ့ကြောင်း၊ ယင်းသဘောတူစာချုပ် သက်သေခံ အမှတ် (၁၅) အရ ဦးလှမြင့်က ကုမ္ပဏီဥက္ကဋ္ဌသို့ မီးသတ်ဆေးဘူးဖိုးငွေများ တစ်ဆင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမြင့်ထွန်းနှင့်ပတ်သက်၍ ယင်းသို့ အခွင့်အာဏာသတ်မှတ်ထားခြင်းမရှိသဖြင့် ၄င်းသည် ကုမ္ပဏီကိုယ်စား ငွေလက်ခံခွင့်မရှိကြောင်း၊ ကုမ္ပဏီက ဦးလှမြင့်အား ၆-၉-၉၉ ရက်နေ့တွင် ရပ်စဲခြင်းသည် သက်သေခံအမှတ် (၁၄) ပါစည်းကမ်းချက်အရ နှစ်လကြိုတင်၍ စာတိုက်မှ မှတ်ပုံတင်ပေးပို့ခြင်းမဟုတ်သဖြင့် ပျက်ပြယ်လျက်ရှိကြောင်း၊ ကုမ္ပဏီသည် အချင်းဖြစ်ပစ္စည်းများကို ရန်ကုန်မြို့ရောက်ရှိသည့် အထိ တာဝန်ယူပေးပို့ပြီး ရန်ကုန်မြို့တွင် ကုန်ကျစရိတ်စကများကို ဦးလှမြင့် က အကုန်အကျခံရကြောင်း၊ ဦးလှမြင့်သည် မိမိကုန်ကျ စရိတ်များကို ထုတ်နှုတ်ပြီး ကျန်ငွေကို ဂျပန်ကုမ္ပဏီသို့ ပေးပို့ရခြင်းဖြစ်ကြောင်း၊ ဦးလှမြင့် အနေဖြင့် ကုန်ကျသည့်စရိတ်စကများ ပြန်လည်ရခွင့်ရှိကြောင်း၊ သို့ဖြစ်၍ မီးသတ်ဦးစီးဌာနက အချင်းဖြစ်ငွေကို ဦးလှမြင့်အား ပေးအပ်ရန် ဒီကရီ ရထိုက်ကြောင်း စသည်ဖြင့် လျှောက်လဲသည်။

အမှတ် (၁) အယူခံတရားပြိုင်ရှေ့နေက တိုင်းတရားရုံးသည် အမှတ် (၂) အယူခံတရားပြိုင် ဦးမြင့်ထွန်းအား အချင်းဖြစ်ငွေပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ယင်းအမိန့်အတိုင်း မီးသတ်ဦးစီးဌာနက ငွေများကို ပေးချေခဲ့ပြီးဖြစ်ရာ အမှတ် (၂) အယူခံတရားပြိုင်ကလည်း လက်ခံရယူပြီး ဖြစ်ကြောင်း လျှောက်လဲသည်။

အမှတ် (၂) အယူခံတရားပြိုင်ရှေ့နေက မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများအား မီးသတ်ဦးစီးဌာနသို့ တင်သွင်းရောင်းချသူသည် 3 C Car Complex Japan Co.Ltd. ဖြစ်ပြီး ဦးလှမြင့်သည် ယင်းကုမ္ပဏီ ဥက္ကဋ္ဌ Mr. Muneharu Sumikawa ၏ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ကော်မရှင်စားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်ဆေးဘူးဖိုးကျန်ငွေကို ကုမ္ပဏီဥက္ကဋ္ဌအား ပေးချေရမည်ဖြစ်ရာ ၄င်းသည်ဂျပန်နိုင်ငံတွင်ရှိနေ သဖြင့် ၄င်းကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးကိုယ်စားလှယ် ဦးမြင့်ထွန်းကိုသာ ပေးချေရန်ဖြစ်ကြောင်း၊ ကုမ္ပဏီဥက္ကဋ္ဌကိုယ်တိုင် ဦးလှမြင့်အား စီးပွားရေးကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး သက်ဆိုင်ရာဌာန များသို့ အကြောင်းကြားပြီးဖြစ်ကြောင်း၊ ကုမ္ပဏီက ဦးမြင့်ထွန်းအား

တရားဝင်ကိုယ်စားလှယ်အဖြစ်ခန့်အပ်၍ ကုန်သွယ်ရေးဝန်ကြီးဌာနထံ စီးပွားရေးအကျိုးဆောင်လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် ဦးမြင့်ထွန်းအား အချင်းဖြစ်ငွေပေးအပ်စေရန် ချမှတ်သည့် မူလရုံးအမိန့်သည် မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲသည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခန့်ချယ်ရီထရေးဒင်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမြင့်တို့သည် အပ်ကုန်စနစ်ဖြင့် မီးသတ်ဆေးဘူးများ တင်သွင်းရောင်းချခြင်းလုပ်ငန်းအတွက် သက်သေခံ အမှတ် ၁၈ နှင့် ၁၉ တို့အရ သဘောတူညီချက်များ ပြုလုပ်ခဲ့ကြသည်။

ယင်းသို့သဘောတူညီချက်များအတိုင်း ဦးလှမြင့်က ကုန်သွယ်လိုင်စင်များ၊ သင်္ဘောကုန်တင်တန်ဆာလက်မှတ်များ Bill of Lading၊ ကုန်တန်ဖိုးစာရင်းများ Invoices၊ ကုန်ထုတ်ပိုးစာရင်းများ Packing List အစရှိသော သက်သေခံစာရွက်စာတမ်းများအရ ခန့်ချယ်ရီထရေးဒင်း ကုမ္ပဏီအမည်ဖြင့် ပစ္စည်းများကို မီးသတ်ဦးစီးဌာနထံ ရောင်းချရန်အပ်နှံကြောင်းတွေ့ရသည်။

မီးသတ်ဦးစီးဌာနက ယင်းပစ္စည်းများအတွက် ငွေကျပ် ၅၁၂ သိန်းကျော်ကိုပေးချေရာ ဦးလှမြင့်က လက်ခံရယူပြီး ဂျပန်နိုင်ငံကုမ္ပဏီသို့ ပေးပို့ခဲ့သည်။ ကျန်ငွေကျပ် ၆၅ သိန်းကျော်ကို မီးသတ်ဦးစီးဌာနက ပေးချေရန်ရှိသည်။ ကုမ္ပဏီက ဦးလှမြင့်အား စီးပွားရေးကိုယ်စားလှယ်အဖြစ် ခန့်ထားခြင်းကို ရုပ်စဲပြီး ဦးမြင့်ထွန်းအား စီးပွားရေးကိုယ်စားလှယ်အဖြစ်ခန့်ထားခဲ့သည်။ ဦးလှမြင့်နှင့် ဦးမြင့်ထွန်းတို့က အဆိုပါ ကျန်ငွေ ၆၅ သိန်းကျော်ကို သူရထိုက်သည် ငါရထိုက်သည်ဖြင့် အပြိုင်တောင်းဆိုကြရာ မီးသတ်ဦးစီးဌာနက မည်သူ့ကိုပေးအပ်ရန်ဖြစ်ကြောင်း တရားရုံး အဆုံးအဖြတ်ခံယူလို၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၈ တွင် ခွင့်ပြုထားသည့်အတိုင်း တရားစွဲဆိုခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၈၈ ။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူတို့က ကြွေးမြီ သို့မဟုတ် ငွေကြေး တစ်ရပ်တည်းကိုဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့် သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် အခြားပစ္စည်းတစ်ရပ်တည်းကိုဖြစ်စေ၊

အခြားသူတစ်ဦးထံမှ သူရထိုက်သည် ငါရထိုက်သည်ဟူ၍ တောင်းဆိုကြရာတွင် ယင်းသို့ တောင်းဆိုခြင်းခံရသူသည် ရခွင့် သို့မဟုတ် စရိတ်မှတစ်ပါး ယင်းကြွေးမြီငွေကြေး သို့မဟုတ် ပစ္စည်းတွင်အကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာကို တောင်းဆိုခြင်း မပြုသည့်အပြင်ထိုအမှု၌ အမှန် ရထိုက်သူအား ပေးဆပ်ရန် သို့မဟုတ် ပေးဆပ်ရန်အသင့်ရှိလျှင် မည်သူ့သို့ ပေးဆပ်ရမည် သို့မဟုတ် ပေးဆပ်ရမည်ဖြစ်ကြောင်း အဆုံးအဖြတ်ရရှိရန်နှင့် မိမိအတွက်လည်း တာဝန်မှ ကင်းလွတ်ခွင့်ရရှိရန် အလို့ငှာ ထိုတောင်းဆိုသူအားလုံးအပေါ် ကြားလူအဖြစ် တရားမမှု စွဲဆိုနိုင်သည်။

ယင်းသို့ မီးသတ်ဦးစီးဌာနက ကြားလူအဖြစ်စွဲဆိုရာတွင် တိုင်းတရားရုံးက ကုမ္ပဏီမှ နောက်ထပ်ခန့်သည့် စီးပွားရေးကိုယ်စားလှယ်ဖြစ်သူ ဦးမြင့်ထွန်းအား အချင်းဖြစ်ငွေများပေးစေရန် အမိန့်ချမှတ်ခဲ့ရာ ယင်းအမိန့်သည် တရားမျှတမှုနှင့်ကန်ခြင်းရှိမရှိ စိစစ်ရန်လိုပေသည်။

ဂျပန်နိုင်ငံရှိ 3 C Car Complex Japan Co.Ltd. ကုမ္ပဏီဥက္ကဋ္ဌက ဦးလှမြင့်အား ၉-၁၀-၉၆ ရက်စွဲပါစာသက်သေခံအမှတ် (၁၃) အရ ကုမ္ပဏီ၏ စီးပွားရေးကိုယ်စားလှယ်အဖြစ်ခန့်ထားပြီး ကိုယ်စားလှယ်၏ တာဝန်နှင့် အခွင့်အရေးများကို အဆိုပါရက်စွဲပါ သက်သေခံအမှတ် (၁၄) အရ သီးခြားသတ်မှတ်ပေးခဲ့သည်။

သို့ရာတွင် ဦးလှမြင့်က လုပ်ငန်းဆောင်ရွက်နေစဉ် ကုမ္ပဏီဥက္ကဋ္ဌက ၆-၉-၉၉ ရက်စွဲပါ သက်သေခံအမှတ် (၆) စာဖြင့် ဦးလှမြင့်အား ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခဲ့သဖြင့် အချင်းဖြစ်ငွေကို ၄င်းမရထိုက်ကြောင်း တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုယ်စားလှယ်အဖြစ်ရပ်စဲသည့် စာ၏အကြောင်းအရာ Subject တွင် TERMINATION OF APPOINTMENT AND AGREEMENT ဟု ဖော်ပြထားပြီး ၉-၁၀-၉၆ ရက်စွဲပါစာ LETTER OF BUSINESS REPRESENTATIVE AGREEMENT သက်သေခံအမှတ် (၁၄) ကို ရည်ညွှန်းထားသည်။

ယင်းသဘောတူညီချက် အပိုဒ် ၅ နှင့် ၇ တို့တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

5. TERMINATION

Either party here to may terminated at any time this agreement by sending a notice in writing by registered mail two months an advance to the other party at its last known address.

7. EFFECTIVENESS

This agreement shall take effect on 9thOctober 1996 and shall remain valid until terminated as mentioned in paragraph 5 of this agreement.

ကုမ္ပဏီဥက္ကဋ္ဌက ဦးလှမြင့်အား ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲရာတွင် အထက်ဖော်ပြပါ စည်းကမ်းချက်နှင့်အညီ ၂ လကြို၍ စာတိုက်မှ မှတ်ပုံတင်စာဖြင့် ပေးပို့ရပ်စဲခြင်းမပြုဘဲ ၆-၉-၉၉ ရက်စွဲပါစာဖြင့် ရပ်စဲခြင်းသည် ပဋိညာဉ်ပါ စည်းကမ်းချက်နှင့် မညီညွတ်ပေ။ ယင်းသို့ ပဋိညာဉ်ပါ စည်းကမ်းချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းမှာ ဥပဒေနှင့်အညီ ရပ်စဲသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ တရားဝင် ပဋိညာဉ်တစ်ရပ်ကို ဥပဒေနှင့်အညီ ရပ်စဲမှသာလျှင် အတည်ဖြစ်သည်။

မီးသတ်ဆေးဘူးများနှင့် ဆက်စပ်ပစ္စည်းများ တင်ပို့သည့်လုပ်ငန်းတွင် 3 C Car Complex Japan Co.Ltd. နှင့် စီးပွားရေးကိုယ်စားလှယ် ဦးလှမြင့်တို့သည် ၁၂-၁၀-၉၆ ရက်စွဲပါ AGREEMENT ON CONSIGNMENT BASIS သက်သေခံအမှတ် (၁၅) အရ သဘောတူညီချက်ပြုလုပ်ခဲ့ကြသည်။

ယင်းမီးသတ်ဆေးဘူးများနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းခွင့်ပြုရာတွင် ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးလှမြင့်တို့ ချုပ်ဆိုသော အထက်ဖော်ပြပါ သဘောတူစာချုပ်အပေါ် အခြေခံသည်မှာ အငြင်းမပွားချေ။

အဆိုပါ သဘောတူညီချက် အပိုဒ် (၃) အရ ကုမ္ပဏီသည် ရန်ကုန် ဆိပ်ကမ်းအရောက် စရိတ်စကများ အကုန်အကျခံရန်ဖြစ်ပြီး အပိုဒ် (၉) အရကိုယ်စားလှယ်ဦးလှမြင့်က မြန်မာနိုင်ငံတွင် ကုန်ကျသော

၂၀၀၂
ဦးလှမြင့်
နှင့်
ညွှန်ကြားရေး
မှူးချုပ်၊
မီးသတ်ဦးစီး
ဌာန ပါ ၂

စရိတ်စကများကို ကျခံရန်တာဝန်ရှိသည်။ ဦးလှမြင့်သည် မြန်မာနိုင်ငံသို့ တင်သွင်းသော ပစ္စည်းများ၏ C.I.F.(Cost, Insurance and Freight) တန်ဖိုးမှ ၅% နှင့်ညီမျှသော ကော်မရှင်ကို ရခွင့်ရှိပြီး ပြည်တွင်းအခွန် ပေးရန်အတွက် C.I.F.တန်ဖိုး၏ ၃.၅% နှုတ်ယူခွင့်ရှိသည်။ ယင်းသဘောတူညီချက် အပိုဒ် (၁၀) အရ ကုမ္ပဏီက သတ်မှတ်သော C.I.F. Value မှ ကော်မရှင်နှင့် အခွန်များကို ဦးလှမြင့်ကနှုတ်ပြီး ကျန်ငွေကို ကုမ္ပဏီသို့ ပေးပို့ရန် ဖြစ်ပေသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> ပုဒ်မ ၂၂၁။ ဆန့်ကျင်ကွဲလွဲသော မည်သည့် ပဋိညာဉ်မျှမရှိခဲ့လျှင် ကိုယ်စားလှယ်သည် မိမိအား ပေးရန်ရှိသည့်ကော်မရှင်ကို မပေးချေသေးသမျှဖြစ်စေ၊ မိမိအား စာရင်းမရှင်းသမျှဖြစ်စေ၊ မိမိရရှိသည့် ကိုယ်စားလှယ်လွှဲသူ၏ ကုန်ပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အခြားပစ္စည်းများကို ဆက်လက် ထားရှိ ပိုင်ခွင့်ရှိသည်။ ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ မိမိစိုက်ထုတ်ပေးရသော ငွေများနှင့် ဝန်ဆောင်မှုများ အတွက်လည်း အလားတူ ဆက်လက်ထားရှိပိုင်ခွင့်ရှိသည်။

ကုမ္ပဏီဥက္ကဋ္ဌနှင့်ဦးလှမြင့်တို့ သဘောတူညီချက်အရ ဦးလှမြင့် အနေဖြင့် ကော်မရှင်ခများ၊ မိမိစိုက်ထုတ်ကုန်ကျရသော စရိတ်စကများ၊ ဝန်ဆောင်မှုများအတွက် စာရင်းရှင်းလင်းခြင်း မရှိသေးသည့်အတွက် အထက်ဖော်ပြပါ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂၁ ပြဋ္ဌာန်းချက်နှင့်အညီ ဦးလှမြင့်သည် မီးသတ်ဦးစီးဌာနမှ အချင်းဖြစ်ငွေကို လက်ခံရထိုက်သည်မှာ ပေါ်လွင်ထင်ရှားသည်။

ထို့ပြင် ကုမ္ပဏီနှင့် ဦးလှမြင့်တို့၏ အဆိုပါသဘောတူညီချက်သည်လည်း ဖျက်သိမ်းခြင်း မရှိသေးပေ၊ ထိုသဘောတူညီချက်၏ နောက်ဆုံးစာကြောင်းပါ terminated by both parties ဟူသော စကားရပ်အရ ကုမ္ပဏီနှင့် ဦးလှမြင့်တို့ နှစ်ဦးဖျက်သိမ်းမှသာ အတည်ဖြစ်ပေမည်။ ပဋိညာဉ်ကို တစ်ဖက်သတ်ဖျက်သိမ်းခွင့်ရှိမည် မဟုတ်ချေ။

၂၀၀၂
ဦးလှမြင့်
နှင့်
ညွှန်ကြားရေး
မှူးချုပ်၊
မီးသတ်ဦးစီး
ဌာန ပါ ၂

ဘဖန် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၂၀၄။ လွှဲအပ်ထားသော အခွင့်အာဏာအရ ကိုယ်စားလှယ်က အချို့အဝက်ကို ဆောင်ရွက်ပြီး သည့်နောက် ထိုဆောင်ရွက်မှုမှ ဖြစ်ထွန်းလာသည့် ကိစ္စနှင့် တာဝန်များနှင့်စပ်လျဉ်း၍ အကြီး အကဲသည် ကိုယ်စားလှယ်အား ပေးအပ်သည့် အခွင့်အာဏာကို ရုပ်သိမ်းခွင့်မရှိ။

ကုမ္ပဏီဥက္ကဋ္ဌက ဦးလှမြင့်အား လွှဲအပ်ထားသော အခွင့်အာဏာအရ မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများကို မီးသတ်ဦးစီးဌာနသို့ ရောင်းချရန် အပ်နှံပြီးနောက် နှစ်ဦးသဘောတူညီချက်ကို ဆန့်ကျင်ပြီး လုပ်ငန်းဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့်ငွေကို လက်ခံရရှိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွင့်အာဏာကို ရုပ်သိမ်းခွင့်မရှိချေ။

ဦးလှမြင့်သည် ပစ္စည်းရောင်းချရငွေမှ ကော်မရှင်ရခွင့်ရှိပြီး အခွန်ပေးဆောင်ရန်လည်း တာဝန်ရှိသည်။ ကော်မရှင်ခရမှသာ မိမိတာဝန်ယူရမည့် စရိတ်စကများ ကာမိမည်ဖြစ်သည်။ သို့ဖြစ်ရာ ကုမ္ပဏီသည် ဦးလှမြင့်၏ ရထိုက်ခွင့်များကို ထိခိုက်အောင် ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခြင်းလည်း မပြုနိုင်ပေ။ ဂျပန်ကုမ္ပဏီနှင့် ဦးလှမြင့်တို့ အငြင်းပွားသည့် ကိစ္စရပ်သည် သီးခြားဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ ဤအမှုတွင် တရားရုံးက ဝင်ရောက်စွက်ဖက်ရန် မလိုချေ။ ဤအခြေအနေတွင် သက်သေခံ အမှတ် ၆ အရ ဦးလှမြင့်သည် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည်ဟု တိုင်းတရားရုံးက ကောက်ယူသုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိချေ။

Mr. Muneharu Sumikawa နှင့် ဦးလှမြင့်တို့ သဘောတူညီချက်၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် နှင့်ဦးလှမြင့်တို့ သဘောတူညီချက်တို့အရ မီးသတ်ဆေးဘူးနှင့် ဆက်စပ်ပစ္စည်းများ အပ်ကုန်စနစ်ဖြင့် တင်သွင်းရောင်းချသည့် လုပ်ငန်းကို ဦးလှမြင့်ကသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ရာ ဦးလှမြင့် တင်သွင်းခဲ့ပြီးဖြစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အချင်းဖြစ်ငွေများကို ဦးလှမြင့်သာ ရထိုက်ကြောင်း မြင်သာပေသည်။

ကုမ္ပဏီက အမှတ် (၁) တရားပြိုင်ဦးမြင့်ထွန်းအား စီးပွားရေး

ကိုယ်စားလှယ်အဖြစ် ၇-၉-၉၉ ရက်နေ့စွဲပါစာ သက်သေခံအမှတ် (၇) ဖြင့် ခန့်အပ်သည်မှာ အမှုတွင် အငြင်းမပွားပေ။ သို့ရာတွင် LETTER OF AGREEMENT သက်သေခံ အမှတ် ၇ (က) တွင် ဦးမြင့်ထွန်းအား ဂျပန်ကုမ္ပဏီက ရရန်ရှိသောငွေများကို လက်ခံရယူနိုင်ရန် အခွင့်အာဏာ ပေးအပ်ခြင်း မရှိချေ။ ဦးလှမြင့်နှင့် လုပ်ငန်းလုပ်ကိုင်စဉ်က ငွေရေး ကြေးရေးကိစ္စများအတွက် ဂျပန်ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးလှမြင့်တို့ သက်သေခံ အမှတ် ၁၅ အရ သီးခြား သဘောတူစာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြ သော်လည်း ဦးမြင့်ထွန်းနှင့် ထိုသို့ငွေကြေးကိစ္စကို ချုပ်ဆိုဆောင်ရွက်ခြင်း မရှိချေ။ သို့ဖြစ်၍ ဦးမြင့်ထွန်းအနေဖြင့် အချင်းဖြစ်ငွေကို လက်ခံရယူ ခွင့် ရှိမည်မဟုတ်ပေ။

ထို့ကြောင့် မီးသတ်ဦးစီးဌာနသည် ယခင်က ဦးလှမြင့်အား ပေးချေခဲ့သည့်နည်းတူ အချင်းဖြစ်ကျန်ငွေကို ဆက်လက်ပေးချေရန်သာ ရှိသည်။

ဤအခြေအနေတွင် တိုင်းတရားရုံးက မီးသတ်ဦးစီးဌာနသည် အဆိုပါကုမ္ပဏီသို့ ပေးရန်ကျန်ငွေ ကျပ် ၆၅၆၃၈၃၆/-ကို ၎င်း၏ စီးပွားရေးကိုယ်စားလှယ် ဦးမြင့်ထွန်းအားပေးစေရန် အမိန့်ချမှတ် ခြင်းသည် မှန်ကန်ခြင်းမရှိပေ။

အထက်ပါအကြောင်းများကြောင့် ဤတရားမပထမအယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

မီးသတ်ဦးစီးဌာနက အချင်းဖြစ်ငွေကျပ် ၆၅၆၃၈၃၆/-ကို တရားစရိတ်နှင့် ရရန်ရှိသော စရိတ်စကများ ထုတ်နှုတ်ပြီး ဦးလှမြင့်အား ပေးအပ်စေရန် ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။